# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၄၆)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ၊ ၁၄–၁–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနား ကျင်းပ

## လူငယ်များ၏တက်ကြွသောစိတ်နှင့် လူကြီးများ၏ အတွေ့အကြုံပေါင်းစပ်ပြီး လုပ်ကိုင်ပါမှ တိုင်းပြည်ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်လာမည်



နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ် ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၃

"လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး နေ့စဉ်

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ အသိပညာပဟုသုတများ ရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍသည် အဓိကအရေးကြီးကြောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များသို့ တက်လှမ်းနိုင်ရန်အတွက် အခြေခံကျသည့် မူလတန်းပြ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် များစွာအရေးပါပါကြောင်း၊ တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးအတွက် မူလတန်းပညာရေးသည် အခြေခံကျပါကြောင်း၊ မူလတန်းပြ ဆရာ၊ ဆရာမများအနေဖြင့် အရေးကြီးပြီး မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးရာတွင် တာဝန်ရှိသကဲ့သို့ ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ မူလတန်းပြ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး (ECCD) သင်တန်းများ ပို့ချပေးရန်နှင့် အင်္ဂလိပ်စာစွမ်းရည်မြင့်မားရေး သင်တန်းများပို့ချပေးရန်တို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။ အခြေခံပညာအလယ်တန်းအဆင့် အတန်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် လာမည့်ပညာသင်နှစ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စာကြည့်တိုက်အခြေပြုသင်ကြားရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအတွက် စံနမူနာပြုများဖြစ်သည့်အတွက် စည်းကမ်းလိုက်နာရန်နှင့် ဝတ်စားဆင်ယင်ရာတွင် ယဉ်ကျေးမှုနှင့် လိုက်လျောညီစွာ ဝတ်စားဆင်ယင်ကြရန်လိုအပ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်လက်ကျန်းမာကြံ့ခိုင်စေရန် အားကစားနှင့် လေ့ကျင့်ခန်းများကိုလည်း အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ ပညာရေးဝန်ကြီးသည် ပညာရေးဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်ဌာနမှူးများက သင်ကြားရေးဆိုင်ရာ အချက်အလက်များ၊ သင်ကြား သင်ယူမှုများ ဆောင်ရွက်နေမှုနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးက ပညာရေးဒီဂရီကောလိပ် ကျောင်းဆင်းများအနေဖြင့် မူလတန်းပြ၊ အလယ်တန်းပြ ဆရာ၊ ဆရာမများအဖြစ် စတင်တာဝန်ထမ်း ဆောင်လျက်ရှိပါကြောင်း၊ ဘွဲ့လွန်ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန် အချို့ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင် တက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဘွဲ့လွန်ပညာရပ်များကို ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြစ်ကြီးနား ပညာရေးဒီဂရီကောလိပ်အနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာတွင်သာမက အနုပညာဘာသာရပ်နှင့် အားကစားများတွင်ပါ ဘက်စုံထူးချွန်ကြသည့်အတွက် ပြည်နယ်၏ ဂုဏ်ကို ဆောင်နိုင်သူများအဖြစ် ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်း ပြောကြားသည်။ ပညာရေးဝန်ကြီးဌာန အနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏မူဝါဒဖြစ်သည့် Grade-9 ပညာသင်ယူပြီးမြောက်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ မိဘများပူးပေါင်း၍ တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ကျောက်ဆည် မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်း ဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ ကျောက်ဆည် မူလတန်းကြို ကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သားငယ်၊ သမီးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်း အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ မူလတန်းကြို ကျောင်းမှ သားငယ်၊ သမီးငယ် လေးများမှ ထာဝရသစ္စာသီချင်း ဖြင့် ပန်းဖွားအက ကပြ၍ ဖွင့် လှစ်ခဲ့သည်။

ကာယစွမ်းရည်ပြိုင်ပွဲတွင် ကျောက်ဆည်မူလတန်းကြိုကျောင်း မှ အငယ်ဆင့် မူလတန်းကြို ကျောင်းသား ဖိနပ်စီး၊ မူလတန်း ကြိုကျောင်းသူ အပြေးနှင့် အရုပ် ကောက်ပြိုင်ပွဲ၊ အလတ်ဆင့် မူလ တန်းကြိုကျောင်းသား ဘောလုံး လွန်းပြန်ကောက်အပြေးနှင့် အရောင်ခွဲပြိုင်ပွဲ၊ မူလတန်းကြို ကျောင်းသူ အာလူးကောက်ပြိုင် ပွဲ၊ အကြီးဆင့် မူလတန်းကြို ကျောင်းသား ခေါင်းအုံးရှက်ပြိုင် ပွဲနှင့် ကျောင်းသူ ခေါင်းအုံးရှက် ပြိုင်ပွဲများ ကျင်းပပြုလုပ်သည်။

ကာယစွမ်းရည်ပြိုင်ပွဲအပြီး တွင် ကျောက်ဆည်ခရိုင်လူမှု ဝန်ထမ်းဦးစီးမှူးရုံး ဒုတိယညွှန် ကြားရေးမှူး ဒေါ်သန်းသန်းစိုးနှင့် ဦးစီးအရာရှိ ဒေါ်မေဆုကျော်၊ ကျောက်ဆည်မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယု သင်း၊ ကျောက်ဆည်၊ မြစ်သား မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများ၊ မိဘ၊ ဆရာ အသင်းဝင်များက ကာယစွမ်းရည်ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိ ခဲ့သော မူလတန်းကြို ကျောင်း သား၊ ကျောင်းသူများအား ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

**သက်မောင်(ကျောက်ဆည်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသ ကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင် များအသင်း၊ မန္တလေးတိုင်းဒေသ ကြီး ဆီကုန်သည်များနှင့် ဆီ လုပ်ငန်းရှင်များအသင်းတို့ ပူး ပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေး လျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အနိုပ် တော်ရပ်ကွက်၊ ၁၉လမ်း၊ လမ်း ၆၀နှင့် ၆၁လမ်းကြား၊ နန်းရှေ့ ဘောလုံးကွင်းအနီးနှင့် ချမ်းမြ သာစည်မြို့နယ်၊ မြို့သစ်(၄) ရပ်ကွက်၊ ၁၁၁လမ်း ၆၄လမ်း နှင့် ၆၅လမ်းကြားတို့တွင် ရောင်း ချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၁၄ ရက်နေ့တွင် အောင်မြေသာစံ မြို့နယ်၊ ပြည်လုံးချမ်းသာရပ် ကွက်၊ ၈၃လမ်း၊ ၁၄လမ်းနှင့် ၁၅လမ်းကြားနှင့် ပြည်ကြီးတံခွန် မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃ လမ်းကြားတို့တွင် လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်နေ့တွင် အမရ ပူရမြို့နယ်၊ ရှမ်းကလေးကျွန်း ကျေးရွာ၊ ရွာလယ်လမ်းမကြီး တွင် လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင်အောင် မြေသာစံ မြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၆ လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေ လုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်း နှင့် ၇၂လမ်းကြားတို့တွင် လည်း ကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေ မှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေး ရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန် ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန် ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူ ရရှိနိုင်ရေးအတွက် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဝင်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာသံတမန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဆုတောင်းစာလွှာအား ချိတ်ဆွဲပေးစဉ်။

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းရင်းသားလူငယ်မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲ အခမ်းအနားကို ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တိုင်းရင်းသားလူငယ် ရှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဆုတောင်းစာလွှာအား ချိတ်ဆွဲပေးသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသည့်တိုင်းရင်းသားလူငယ်မောင်မယ်များနှင့် မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာပြီး "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အခမ်းအနားအထိမ်းအမှတ် LED Animation ဖြင့် စတင်ဖွင့်လှစ်၍ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး" ဆိုသည့် Video Clip ကို ပြသသည်။

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အခမ်းအနားတက်ရောက်လာကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များနှင့် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ခေတ်လူငယ်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပင် ဖြစ်ကြောင်း၊ ထို့ပြင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ပြီး နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် လူငယ်အားလုံးသည် နိုင်ငံတော်အတွက် အဓိကအင်အားဖြစ်ကြောင်း၊ လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်များ မြင့်မားလာပြီး ဆင်ခြင်တုံတရားနှင့် မှန်ကန်စွာ တွေးခေါ်မြော်မြင်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ကောင်းသထက်ကောင်းအောင် တည်ဆောက်နိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် လူငယ်များ၏ လိုအပ်ချက်နှင့် သဘောထားများကို သိရှိနိုင်ပြီး ယခုကဲ့သို့ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေမည်ပင်ဖြစ်ကြောင်း။

### နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်ကြပြီး အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံတော်၏ လူဦးရေ ၃ ပုံ ၁ ပုံခန့်၊ ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် လူငယ်များ၏ မှန်ကန်သည့်အတွေးအမြင်နှင့် ခံစားချက်၊ ယုံကြည်ချက်၊ ခံယူချက်များသည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရယူနိုင်ရေးသည် အရေးပါသည့် စွမ်းအားဖြစ်သည်ကို အလေးထားပြောကြားလိုကြောင်း။

မျိုးဆက်သစ် လူငယ်များသည် အနာဂတ် နိုင်ငံတော်အတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ယခုကျင်းပမည့်ဖိုရမ်ကို **"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များ ပါဝင်မှုကို မြှင့်တင်ပေး"** ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်သည် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအင်အားနှင့် ရင်းနှီးပေးဆပ်မှုများစွာဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်သော်လည်း စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှု အားနည်းခဲ့သည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးပြီး အခက်အခဲများစွာဖြင့် သံသရာလည်နေသည်ကို သတိထားသင့်သည့် သင်ခန်းစာအဖြစ် တွေ့နိုင်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်း ပြည်ပ အဖျက်အင်အားစုများက နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲပြီး နိုင်ငံဖရိုဖရဲဖြစ်စေရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးဖြိုခွဲနေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆိုးဆိုးရွားရွားပြုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်မှ အမျိုးသားနိုင်ငံရေးတာဝန်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ထမ်းဆောင်ခဲ့ရကြောင်း၊ အဆိုပါအဖြစ်မှန်ကို ဖုံးကွယ်ပြီး အကြမ်းဖက် NUG၊ CRPH အဖွဲ့များက တပ်မတော်အနေဖြင့် ဒီမိုကရေစီ နောက်ပြန်ဆွဲလုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်၊ လူရွယ်များကို လွဲမှားသည့် မျှော်လင့်ချက်များနှင့်အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြကြောင်း၊ ပြီးခဲ့သည့်ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ဇန်နဝါရီလ ၁၁ ရက်နေ့များတွင် ပြုလုပ်ခဲ့သည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ကြည့်ပါက လွတ်လပ်ပြီး တရားမျှတမှုရှိသည်ကို အားလုံးက လက်ခံကြသည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာရပ်တည် လျှောက်လှမ်းနေသည်ကို တွေ့မြင်နိုင်ကြောင်း။



နေပြည်တော် ကောင်စီ နယ်မြေမှ မောင်ထက်မြက်သူ အမှတ်တရစကား ပြောစဉ်။

### ပြည်ထောင်စုအကျိုးကိုရှေးရှု

လွဲမှားသည့် လက်နက်ကိုင်လမ်းစဉ်များကြောင့် မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီ ပြည်ထောင်စုကြီး အတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် တိုးတက်အစပြုနေပြီ ဖြစ်သည့် အခြေခံ အဆောက်အအုံများ မြောက်မြားစွာ ဆုံးရှုံးခဲ့ရကြောင်း၊ ယခုကဲ့သို့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းသည့်နည်းလမ်းသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်အထိ ဘာရလဒ်မှ မထွက်ခဲ့သည်ကို သင်ခန်းစာယူဖို့ လိုသကဲ့သို့ ဒီမိုကရေစီ နောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်း ရှုမြင်ရန် အချိန်ကျနေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်ထားကြမည်ဆိုပါက ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့များ အနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် နိုင်ငံတော်က အစဉ်အမြဲကြိုဆို ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကမ်းလှမ်း ဖိတ်ခေါ်သည်ကို အသိပေးပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်း ဆောင်ရွက်မှုများကို ပြန်ကြည့်ပါက အရေးပါသည့် အောင်မြင်မှုများ ရှိခဲ့ကြောင်း၊ အထူးသဖြင့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် တည်ငြိမ်မှု၊ ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်ကြောင်း၊ ပြည်တွင်းပဋိပက္ခကို စစ်ရေးအရမဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းသည့် နည်းလမ်းကို ဖြစ်ထွန်းစေခဲ့ခြင်းသည် NCA ပင်ဖြစ်ကြောင်း၊ NCA ကြောင့်ပင် တွေ့ဆုံမှုများ၊ နိုင်ငံရေးဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည့်အပြင် နိုင်ငံအတွင်း ပါဝင်ပတ်သက်သူ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

သို့သော်လည်း အမှန်တရားကို မျက်ကွယ်ပြုကာ ပဋိပက္ခ၏ ဇာစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံရေးဆန္ဒ နည်းပါးခဲ့ပြီး မိမိအဖွဲ့အစည်းနှင့် မိမိတို့အကျိုးကိုသာ အလေးထားခဲ့ခြင်းကြောင့် NCA လုပ်ငန်းစဉ်သည် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်တွေ ရရှိထားသည့် NCA သဘောတူညီချက်များကို သဘောတူညီချက်အဆင့်၌ပင် ကျေနပ်ရပ်တန့်မနေကြဘဲ လက်တွေ့အသုံးချ အကောင်အထည် ဖော်နိုင်ရန်ကလည်း အရေးကြီးကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အပါအဝင် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်း အကောင်အထည်ဖော် နိုင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါ အချက်များကို အကောင်အထည် ဖော်နိုင်ရန် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)သည် ရေရှည်တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် NCA အပေါ် အခြေခံထားပြီး ရရှိပြီးသည့် ငြိမ်းချမ်းရေးခိုင်မာမှုကို ဆက်လက်အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

ငြိမ်းချမ်းရေးဆိုသည်ကို တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မည်ဖြစ်သဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကို ပြောဆိုပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ မတူသည်များကို ခဏဘေးဖယ်ထား ဆက်လက်ဆွေးနွေးရင်းနှင့် တူညီသည့် သဘောထားများကို ပူးပေါင်း အကောင်အထည်ဖော် သွားကြရမည်ဖြစ်ကြောင်း၊ လက်တွေ့ကျပြီး အောင်မြင်နိုင်မည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူလူထု၏ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မည် ဖြစ်သည်ကို အသိပေးပြောကြားလိုကြောင်း။

လက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးဆက်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့သည်ကိုလည်း အားလုံး အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆

**☆ မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်ကြပြီး အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံတော်၏ လူဦးရေ ၃ ပုံ ၁ ပုံခန့်၊ ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိ**

**☆ လူငယ်များ၏ မှန်ကန်သည့်အတွေးအမြင်နှင့် ခံစားချက်၊ ယုံကြည်ချက်၊ ခံယူချက်များသည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက် ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရယူနိုင်ရေးသည် အရေးပါသည့် စွမ်းအားဖြစ်သည်ကို အလေးထားပြောကြားလို**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ဂါရဝပြုလာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးဌာနကြီး၏ အကြီးအကဲနှင့် လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ဂါရဝပြုလာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ ပိုးမွှားဒဏ်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော ဂွမ်းမွေး အရှည်အသွေးမြင့် ဝါမျိုးများ ထုတ်လုပ်ရန်အတွက် စပ်မျိုးဝါမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဇီဝနည်းပညာအသုံးပြု၍ ဝါမျိုးသစ်များထုတ်လုပ်ခြင်း၊ နို့စားကျွဲမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသားထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ဈေးကွက်ချဲ့ထွင်ခြင်း ဆိုင်ရာနည်းပညာများအပါအဝင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tariq Karim အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်ရန်အတွက် လိုအပ်သော ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နိုင်ငံခြားငွေလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ရွှေ့လျားရေသန့်စက်ယာဉ် မောင်းနှင်၊ ထိန်းသိမ်း၊ ပြုပြင်ခြင်းဆိုင်ရာ နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ လှူဒါန်းသည့် ရွှေ့လျားရေသန့်စက်ယာဉ် မောင်းနှင်၊ ထိန်းသိမ်း၊ ပြုပြင်ခြင်းဆိုင်ရာ နည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်း နည်းပြများနှင့် နေပြည်တော်ကောင်စီ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား ၄၀ တို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအတွင်း သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လှူဒါန်းသည့် ရွှေ့လျားရေသန့်စက်ယာဉ်များကို စနစ်တကျမောင်းနှင်၊ ထိန်းသိမ်းတတ်စေရန်၊ ဘေးအန္တရာယ်ကျရောက်ရာ နေရာဒေသ အသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေသန့်များ ဖြန့်ဝေနိုင်ရန်၊ စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်လာပါက ကိုယ်တိုင် ပြုပြင်ထိန်းသိမ်း နိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက နည်းပညာရှင်များ ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြီး လက်တွေ့ သင်ကြားပြသပေးသည့်အတွက် သင်တန်းသားများ အနေဖြင့် နည်းပညာလွှဲပြောင်း ရယူနိုင်မည့် အခွင့်အလမ်းကောင်း တစ်ခုဖြစ်ပြီး ဘေးသင့်ပြည်သူများကို လက်တွေ့ကျကျ အကျိုးပြုမည့် အထောက်အကူပြုကိရိယာများ ဖြစ်သည့်အတွက် သင်တန်းသားများ အနေဖြင့် သင်တန်းနည်းပြများ၏ သင်ကြားပြသမှုကို ဂရုတစိုက် လေ့လာမှတ်သားကြရန်နှင့် သင်တန်းသားများအနေဖြင့် သိလိုသည်များ၊ မရှင်းလင်းသည့် အချက်များရှိပါက အပြန်အလှန် ဆွေးနွေးမေးမြန်းရန်နှင့် မှတ်သားရရှိသည့် နည်းပညာဗဟုသုတ ကျွမ်းကျင်မှုကို မိမိ၏ ဒေသအသီးသီးသို့ ရောက်ရှိသည့်အခါ လက်တွေ့ အကျိုးရှိရှိ ပြန်လည်အသုံးချရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပညာရှင်များက ရွှေ့လျားရေသန့်စက်ယာဉ်များအား လိုက်လံရှင်းလင်းပြသမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ အောင်မြင့်(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

## ဂမ်ဘီယာနှင့် မြန်မာတို့အကြားတရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ကြားနာပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် တရားရုံး၏ အခန်းကဏ္ဍကို အလေးထားယုံကြည်ကြောင်းပြသသည့်အနေဖြင့် မြန်မာနိုင်ငံသည် ကြားနာပွဲသို့ တက်ရောက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာအသိုက်အဝန်း၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ၁၉၄၈ ခုနှစ်၊ လူမျိုးသုဉ်းစေမှုကိုတားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အမှုစတင်သည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလကတည်းက တရားရုံးနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် တရားစီရင်မှုအဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့သည့်အပြင် တရားရုံးကချမှတ်သည့် အမိန့်များ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို လိုက်နာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်များကို အပြည့်အဝ လေးစားလိုက်နာခဲ့ပြီး တရားရုံးကသတ်မှတ်ထားသည့် ကာလအလိုက် အစီရင်ခံစာများကို တင်သွင်းခဲ့သည်။

ကြီးလေးသော အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသဖြင့် အဆိုပါတရားစီရင်မှုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည်။ သို့ဖြစ်ရာ မြန်မာအစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူတို့၏ဂုဏ်သိက္ခာကို ကာကွယ်နိုင်ရေးအတွက် အခြေအမြစ်မရှိသော အချက်အလက်များကိုအခြေခံသည့် တစ်ဖက်သတ် အစီရင်ခံစာများသည် အမှန်တရားကို ဖော်ဆောင်နိုင်ခြင်း မရှိကြောင်းတို့ကို တရားရုံးအား ပြသရန်တာဝန်ရှိသည်။ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆင်ခြင်သုံးသပ်နိုင်မှု၊ လွတ်လပ်မှု၊ တရားမျှတမှုတို့အပေါ် ယုံကြည်မှုအပြည့်အဝရှိသည်။

တရားရုံးအနေဖြင့် သက်သေအထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျစွာ သုံးသပ်လျက် လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ပါ ဥပဒေမူဘောင်များနှင့် အချက်အလက်မှန်များကိုအခြေခံ၍ တရားမျှတပြီး မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဟု ယုံကြည်သည်။ ဂမ်ဘီယာ၏ ပထမအကျော့ လျှောက်လဲချက်များအပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာ၏စွပ်စွဲချက်များသည် အချက်အလက်အရနှင့် ဥပဒေကြောင်းအရ မှန်ကန်မှုရှိသောအချက်အလက်များ မဟုတ်ကြောင်းကို ခိုင်မာသည့်သက်သေအထောက်အထား အစုံအလင်ဖြင့် တရားရုံးသို့ လျှောက်လဲသွားမည်ဖြစ်ပါသည်။

တရားရင်ဆိုင်နေစဉ်အတွင်း မြန်မာနိုင်ငံသည်အမှုကို တရားရုံးပြင်ပ၊ အထူးသဖြင့် နိုင်ငံတကာမီဒီယာရှေ့တွင် ငြင်းခုံနေမည်မဟုတ်ပါ။ တရားစီရင်မှုအပေါ် မျှော်လင့်ချက်ကြီးမားစွာထားရှိပြီး တစ်ချိန်တည်းမှာပင် တရားစီရင်မှု၏ ဂုဏ်သမာဓိထိခိုက်နိုင်မှုမရှိစေရန်အတွက် ပြင်ပမှ ဖိအားပေးမှုနှင့် ဝင်ရောက်စွက်ဖက်မှုများကို ကာကွယ်သွားရန် အရေးကြီးသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုနှင့် နေရပ်စွန့်ခွာသူများအရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အခြားနိုင်ငံတကာမိတ်ဆွေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မည်သို့ပင်အခက်အခဲများ ကြုံတွေ့စေကာမူ မြန်မာနိုင်ငံအနေဖြင့် ယင်းကိစ္စအောင်မြင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်ခဲ့ပြီး လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနေရာချထားရေးလုပ်ငန်းစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်ပါ ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် အခြေအနေပေးပါက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံပြီး ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်နိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နှင့် သုံးပွင့်ဆိုင်သဘောတူညီမှုများနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများပြုနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုခဲ့ပါသည်။

ဂမ်ဘီယာနှင့် မြန်မာအကြား တရားရင်ဆိုင်နေမှုသည် သက်ဆိုင်ရာနှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာစာချုပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံရေးအရ စွပ်စွဲပြစ်တင်သည့် ကိစ္စရပ်မဟုတ်ကြောင်း အလေးအနက်ထောက်ပြလိုသည်။ မြန်မာနိုင်ငံအပေါ်စွပ်စွဲချက်များကို တရားရုံး၏ရှေ့မှောက်တွင် ဥပဒေကြောင်းအရ ကျိုးကြောင်းချက်လက်ခိုင်လုံစွာဖြင့် ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနယ်ပယ်၌ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ တရားရုံးအပေါ် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်းကို ပြသသွားမည်ဖြစ်သည်။

## မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ခုခံချေပခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)က အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)တွင် မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ခုခံချေပခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင်ကို ယမန်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသည် ရွေးကောက်ပွဲအပြီးတွင် သမိုင်းစာမျက်နှာအသစ်သို့ကူးပြောင်းကာ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စတင်ဖော်ဆောင်တော့မည့် အချိန်အခါဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံသစ်တစ်ရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတကာ အသိုက်အဝန်း၏ အပြုသဘောဆောင်သော အားပေးကူညီမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အထူးလိုအပ်လျက်ရှိကြောင်း၊ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ ရင်ဆိုင်နေရသော အမှုကိစ္စသည် မြန်မာနိုင်ငံကို ကိုယ်စားပြုသည့်အပြင် မြန်မာပြည်သူအားလုံး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် မိမိ၏အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်သည့် ခိုင်မာသောအစဉ်အလာကောင်းများကို အစဉ်တစိုက် ထိန်းသိမ်းခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ ယခု ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသောအမှုတွင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့သွားရောက်ကာ တရားမျှတမှုနှင့် အမှန်တရားကိုလက်ကိုင်ထား၍မြန်မာနိုင်ငံအတွက် အစွမ်းကုန် လျှောက်လဲချက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါကိုယ်စားလှယ်အဖွဲ့၏ ICJ သို့ တင်ပြချက်များသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အမှန်တရားကိုမြတ်နိုးတန်ဖိုးထားကြသည့် မြန်မာပြည်သူပြည်သားများ၏ ဆန္ဒသဘောထားများနှင့် တစ်ထပ်တည်းကျလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့်ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် အမှန်တရားဘက်မှ ရပ်တည်ဆောင်ရွက်နေသည့် ကိုယ်စားလှယ်အဖွဲ့၏ကြိုးပမ်းမှုများကို ကျွန်ုပ်တို့ အပြည့်အဝ ထောက်ခံအားပေးကြောင်း။

အပြည်ပြည်ဆိုင်ရာ တရားရုံးရှိ ဂုဏ်သရေရှိ တရားသူကြီးများအနေဖြင့်လည်း မိမိတို့၏မွန်မြတ်လှသော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းလျက် မည်သည့်အစွဲအလမ်းမျှမပါဘဲ အခြေအနေမှန်နှင့် အဖြစ်မှန်များကို ဘက်လိုက်မှုကင်းစွာဖြင့် ဝေဖန်ဆန်းစစ် သုံးသပ်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ နိုင်ငံတကာဥပဒေနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပျက်နေသည့် အခြေအနေများအပေါ် အပြန်အလှန်လေးစားလိုက်နာမှု ရှိသော အဖြေတစ်ခု ထွက်ပေါ်လာရေးအတွက် အဖြစ်မှန်များကို မျှတစွာ သုံးသပ်ဆုံးဖြတ်ရန်မှာ အလွန်ပင်အရေးကြီးကြောင်း မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank ) က သတင်းထုတ်ပြန်အပ်ပါကြောင်းဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၁/၂၀၂၆)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ အင်္ဂါနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံအတွက်တရားမျှတမှုနှင့် အမှန်တရားအတွက် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

၂။ (ICJ) အမှုအခင်းသည် မြန်မာနိုင်ငံအတွက် သွေးရိုးသားရိုးအမှုအခင်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့်သက်ဆိုင်သော နိုင်ငံ့အရေး ဖြစ်ပါသည်။ မြန်မာနိုင်ငံက မကျူးလွန်သည့်အမှုတစ်ခုကို နိုင်ငံတကာ အထင်အမြင်လွဲမှားအောင်၊ မတရားစွပ်စွဲခံရအောင်၊ မြေပြင်နှင့်ကွဲလွဲသည့် သတင်းအချက်အလက်အမှားများဖြင့် စွပ်စွဲနေခြင်းသာဖြစ်ပါသည်။ (ICJ) မှ ဂုဏ်သရေရှိတရားသူကြီးများအနေဖြင့် မွန်မြတ်သော တရားစီရင်ရေးကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းလျက် အမှန်ကိုအမှန်အတိုင်း ဘက်လိုက်မှုကင်းစွာဖြင့် သုံးသပ်ဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ပါသည်။

၃။ ယခုအမှုကိစ္စသည် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စဖြစ်သဖြင့် မြန်မာတစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အမှန်တရားနှင့်တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ညောင်ရွှေ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်းချောင်းကျေးရွာ ကြီးပွားလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မင်းချောင်းကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးအောင်မွန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက စီမံကိန်းသီးနှံများနှင့်ပတ်သက်၍ မျိုးနှင့်သွင်းအားစုများပံ့ပိုးနေမှုအခြေအနေ၊ မြေဩဇာဖြန့်ဖြူးပေးမည့် အစီအစဉ်များနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစုပေါ်အမြတ်၊ စုဆောင်းငွေပေါ်အတိုးနှင့် အသင်းသားထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၉၇၆၂၆၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၃

"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များ ပါဝင်မှုကို မြှင့်တင်ပေး" ဆောင်ပုဒ်ဖြင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်များအနေဖြင့် ငြိမ်းချမ်းရေးကို လူငယ်များ၏လက်တွေ့ဘဝ၊ လူငယ်များ၏တာဝန်၊ လူငယ်များ၏မျှော်မှန်းချက်နှင့်အတူ အနာဂတ်တွင် ပေါင်းစပ်နိုင်ပြီဖြစ်ကြောင်း၊ ဖိုရမ်ဆောင်ပုဒ်သည် "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး" ဖြစ်ကြောင်း၊ အနာဂတ်၏ခေါင်းဆောင်များဖြစ်သည့် လူငယ်များသည် အခြေခံငြိမ်းချမ်းရေးအသိစိတ်ဓာတ်များဖြစ်သည့် တစ်ဦးချင်းစီ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုကို လေးစားမှု၊ အမုန်းစကားများမပါဘဲ အမှန်တရားနှင့် ပြေလည်မှုကိုဦးစားပေးမှု၊ ကွဲပြားခြားနားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ်ရှုမြင်နိုင်သည့် စိတ်ထားရှိမှုတို့ကို နားလည်လက်ခံရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာသည် ငြိမ်းချမ်းရေး၏အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မြို့ပြလူငယ်၊ နည်းပညာရှင်လူငယ်များအနေဖြင့် စွန့်ဦးတီထွင်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးများ၊ AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများစသည်ဖြင့် စီးပွားရေးနှင့် နည်းပညာပလက်ဖောင်းများကို မည်သို့လုပ်ဆောင်ကြမည်၊ မည်သို့ ဝိုင်းဝန်းအဖြေရှာကြမည်ဆိုသည်ကို ဆွေးနွေးသွားကြရန် လိုအပ်ကြောင်း၊ လူငယ်တိုင်းအတွက် ကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးခြင်းက ငြိမ်းချမ်းရေးကို အကောင်းဆုံးတည်ဆောက်ခြင်းဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် နိုင်ငံသားတိုင်း အခြေခံလိုအပ်နေသည့် စီးပွားရေးဆိုင်ရာဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာသည် အမုန်းစကားဖြန့်ချိရာနေရာဖြစ်သလို စည်းလုံးညီညွတ်မှု၊ ပြန်လည်သင့်မြတ်မှုနှင့် နားလည်မှုတည်ဆောက်နိုင်သည့်နေရာလည်းဖြစ်ကြောင်း၊ ဖိုရမ်မျှော်မှန်းချက်အနေဖြင့် ယခုဖိုရမ်ကနေထွက်ပေါ်လာမည့် လူငယ်ငြိမ်းချမ်းရေးကြေညာစာတမ်း (Youth Peace Declaration)သည် လူငယ်များအတွက် လက်တွေ့ကျသည့် လိုအပ်ချက်များ၊ ရည်မှန်းချက်များနှင့် ကတိကဝတ်များပါဝင်သည့် လမ်းညွှန်တစ်ရပ်ဖြစ်စေလိုကြောင်း၊ ထို့အတူ နားလည်မှုတည်ဆောက်ရန် ကွန်ရက်တစ်ခုသာမက တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ချိတ်ဆက်မှုတစ်ခုဖြစ်စေလိုကြောင်း၊ လူငယ်နှင့်အစိုးရအကြား၊ အစိုးရနှင့်ပြည်သူအကြား ပျံ့နှံ့ရောက်ရှိအောင် ငြိမ်းချမ်းရေးဖိုရမ်မှရရှိမည့် ရလဒ်များကို မိမိတို့၏ဒေသများဆီသို့ ပြန်လည်သယ်ဆောင်သွားကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကျင်းပမည့်အစီအစဉ်နှင့်ပတ်သက်၍ Youth Peace Forum 2026 ကို အမျိုးသားအဆင့်၊ မျှတပြီး ပါဝင်နိုင်မှုရှိသော ပလက်ဖောင်းတစ်ခုအဖြစ် စနစ်တကျစီစဉ်ပြင်ဆင်ခဲ့ကြောင်း၊ ယခုဖိုရမ်သည် လူမျိုး၊ဒေသ၊ယဉ်ကျေးမှုနှင့် လူမှုနောက်ခံမတူကွဲပြားသော လူငယ်များကိုစုစည်းပြီး မိမိတို့၏အမြင်များ မျှဝေရန်၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးမှ လူငယ်များပါဝင်မှုနှင့် ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရန်၊ လူငယ်များအတွက် အခွင့်အလမ်းများဖန်တီးပေးရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရန်အတွက် လူငယ်များ၏ အကြံပြုချက်များရရှိစေရန်၊ ရွေးကောက်ပွဲအလွန်ကာလတွင် လူငယ်များ၏ လက်တွေ့ကျသည့်အခန်းကဏ္ဍများကို ဖော်ထုတ်နိုင်ရန် ရည်မှန်းဆောင်ရွက်ထားကြောင်း။

ဆွေးနွေးပွဲကို သုံးရက်ပြုလုပ်သွားမည်ဖြစ်ပြီး ပထမနေ့တွင် လူငယ်များကို ငြိမ်းချမ်းရေးအမွေလက်ဆင့်ကမ်းပေးခြင်းနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းမြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့် နယ်မြေဒေသအသီးသီးမှ အနည်းဆုံးလူငယ် ၂၂ ဦးထံမှ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးတင်ပြချက်များရယူခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယနေ့တွင် အသိပညာရှင်၊ အတတ်ပညာရှင်လူငယ်များ၊ ကျွမ်းကျင်ပညာရှင်လူငယ်များ၊ ဝန်ကြီးဌာနမှ အတွေ့အကြုံရှိသည့် ကိုယ်စားလှယ် ၁၀ ဦးတို့က သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ် ၃၂၀ တို့က အခန်းလေးခန်းခွဲ၍ ဆွေးနွေးဖော်ထုတ်ခြင်းများ ဆောင်ရွက်သွားကြမည်ဖြစ်သည့်အပြင် လျှပ်တစ်ပြက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယနေ့တွင် လူငယ်ဖိုရမ်၏ အဓိကအရေးအကြီးဆုံးဖြစ်သည့် လူငယ်ကွန်ရက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ရက်အလိုက် စီမံချက်၊ အဆိုပြုချက်များ တင်ပြဆွေးနွေးခြင်းများ၊ ဆွေးနွေးချက်များအပေါ် ပညာရှင်အချို့က အကြံပြုဆွေးနွေးပြီး အဆိုပြုချက်များကို အကဲဖြတ်ဆုပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးရက်တာ ဆွေးနွေးပွဲနိဂုံးချုပ်အပိုင်းတွင် အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် အနာဂတ်လူငယ်ကြေညာစာတမ်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်းပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာစာတမ်းတစ်ရပ် ရေးဆွဲနိုင်ရေး အကြံပြုချက် (Recommendations၊ Outcomes) များကို စနစ်တကျစုစည်းရယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သူများက ငြိမ်းချမ်းရေးအတွေ့အကြုံများ လက်ဆင့်ကမ်းခြင်း၊ ငြိမ်းချမ်းရေး၊ စေ့စပ်ညှိနှိုင်းရေးနှင့် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အစီအမံများ၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ယုံကြည်မှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ အစီအမံများ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မဟာဗျူဟာအမြင်ဖြင့်လေ့လာခြင်း၊ ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း မြှင့်တင်ခြင်းနှင့် လူငယ်များ၏အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆သို့ တက်ရောက်လာသည့် လူငယ်ကိုယ်စားလှယ်များက လက်နက်ကိုင်ပဋိပက္ခများ လျှော့ချရပ်တန့်စေရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်းနှင့် လူငယ်ကိုယ်စားလှယ်များထံမှ လူငယ်များအတွက် ငြိမ်းချမ်းရေးဆိုင်ရာ လျှပ်တစ်ပြက်စစ်တမ်းဆန္ဒသဘောထားကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးမှုများမှ ရရှိလာမည့် အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်စေရေးနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း မြှင့်တင်ခြင်းတို့တွင် လူငယ်များ၏အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

**အကြောင်းကိစ္စတစ်ခုကို မတူညီတဲ့အမြင်တွေနဲ့ ဦးတည်ဖြေရှင်းနေမယ့်အစား စုစုစည်းစည်းနဲ့ ဆွေးနွေးအဖြေရှာတဲ့အခါ ပိုမိုကောင်းမွန်တဲ့ ရလဒ်တွေ ထွက်ပေါ်လာမယ်လို့ ထင်ပါတယ်။ ဒီလိုဖြေရှင်းတဲ့အခါမှာလည်း အနာဂတ်မှာတာဝန်ယူရမယ့်လူငယ်တွေရဲ့အားနဲ့ အတွေးသစ်၊ အမြင်သစ်တွေနဲ့ အဖြေရှာကြည့်ရမှာဖြစ်ပါတယ်**

**မောင်ရှိုင်းမင်းထက်**

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်သည့်အရာဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံကျော်၊ ခန့်မှန်းအားဖြင့် ၁၈ ဒသမ ၃ သန်းကျော်ရှိသည့် လူငယ်လူ့စွမ်းအားအရင်းအမြစ်ကို မေ့ထား၍မရပေ။ ထို့အတူ နိုင်ငံ့အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမည်မှာလည်း လူငယ်များပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍစုံတွင် လူငယ်များ၏သဘောထား၊ ဆန္ဒများဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးကို အလေးထားဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူငယ်များ၏သဘောထား၊ ဆန္ဒများစွာထင်ဟပ်စေမည့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ကို နေပြည်တော်၌ သုံးရက်တာကျင်းပလျက်ရှိရာ နိုင်ငံတစ်ဝန်းမှ ပါဝင်တက်ရောက်ကြသည့် လူငယ်တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-

**မအေးသဇင်အောင်**
**မွန်ပြည်နယ်မော်လမြိုင်တက္ကသိုလ်**
**လူငယ်ကိုယ်စားလှယ်**

လူငယ်တွေရဲ့ အခန်းကဏ္ဍက နိုင်ငံတော်တည်ဆောက်ရေးမှာ အင်မတန် အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နိုင်ငံ့လူဦးရေမှာ လူငယ်ဦးရေဟာ အများအပြား ပါဝင်နေပါတယ်။ ဒါကြောင့် လူငယ်တွေရဲ့အားနဲ့ နိုင်ငံအတွက် အရွေ့တစ်ခုကို ဖန်တီးကြရမှာ ဖြစ်ပါတယ်။ လက်ရှိ ကျွန်မတို့နိုင်ငံမှာ မငြိမ်းချမ်းတဲ့နေရာတွေ ရှိပါတယ်။ အဲဒါကြောင့် လူငယ်အများစုက မျှော်လင့်ချက်တွေ၊ အခွင့်အလမ်းတွေ မဲ့နေကြပါတယ်။ အခက်အခဲတွေကြောင့် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ကို မစဉ်းစားနိုင် ဖြစ်နေကြပါတယ်။ လူငယ်အများစုက ကိုယ်ပိုင်တိုးတက်မှု လမ်းကြောင်းကိုပဲ ရှာဖွေပြီး ပြည်ပကိုထွက်ခွာသွားနေကြတဲ့အတွက် နိုင်ငံတော်အတွက် လူငယ်အရင်းအမြစ်တွေ ဆုံးရှုံးရပါတယ်။ ဒါကြောင့် လူငယ်တွေ ပိုမိုပါဝင်ဆောင်ရွက်လာစေနိုင်တဲ့ လူငယ်တွေရဲ့အခန်းကဏ္ဍ၊ လူငယ်တွေရဲ့အသံတွေ ထင်ဟပ်စေတဲ့ ဖိုရမ်တွေကို မကြာခဏ ကျင်းပသင့်တယ်လို့ ထင်ပါတယ်။

ဒီဖိုရမ်တွေကို တက်ရောက်တဲ့ လူငယ်တွေကလည်း ကိုယ့်ဒေသကို ပြန်လည်ရောက်ရှိတဲ့အခါ ကိုယ့်ဒေသမှာ ထပ်ဆင့်မျှဝေတာတွေ၊ အတွေ့အကြုံရှင်းလင်းဆွေးနွေးတာတွေ ပြုလုပ်သင့်ပါတယ်။ အဲဒါမှ လူငယ်တွေအားလုံးက အသိပညာ၊ ဗဟုသုတတွေ ရရှိပြီး နိုင်ငံတော်တည်ဆောက်ရေးတွေမှာ ပါဝင်လာကြမှာဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ကလည်း

စာမျက်နှာ ၁၀ သို့ ✣



မအေးသဇင်အောင်



မောင်ကျော်လှိုင်း



မောင်ရှိုင်းမင်းထက်



မနွေနွေဇော်



မဖြိုးသီရိကျော်

❖ စာမျက်နှာ ၉ မှ

လူငယ်တွေ ပိုပြီးအလေးထား ဆောင်ရွက်လာတာ တွေ့ရပါတယ်။ လူငယ်တွေက နောင်တစ်ချိန်မှာ နိုင်ငံ့ခေါင်းဆောင်တွေ ဖြစ်လာကြမှာဖြစ်တဲ့အတွက် ဒီလိုအခမ်းအနားတွေ၊ ဖိုရမ်တွေမှာ ရင်းနှီးခွင့်ပေးလာတာကို လူငယ်တစ်ဦးအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို တိုင်းရင်းသားပေါင်းစုံကို စုစည်းတွေ့ဆုံမှုတွေကနေ ပြည်ထောင်စုသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုတွေ ပိုမိုတိုးတက်ရရှိစေပါတယ်။

**မောင်ကျော်လှိုင်း**

**စစ်ကိုင်းတိုင်းဒေသကြီး**

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်**

**လူငယ်ကိုယ်စားလှယ်**

နိုင်ငံတော် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေမှာ လူငယ်တွေက အရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိပါတယ်။ အခုလို လူငယ်တွေအတွက် ဖိုရမ်တွေ ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။ အခုလိုဖိုရမ်တွေက တစ်ဆင့် ကျွန်တော်တို့ လူငယ်တွေအနေနဲ့ ကျောင်းပညာရေးသာမက အသိအမြင်ဗဟုသုတတွေ၊ နိုင်ငံရေးအမြင်တွေ ရရှိလာကြပါတယ်။ နိုင်ငံတော်အဆင့် အခမ်းအနားတွေ၊ ဖိုရမ်တွေမှာ လူငယ်တွေကို ဦးဆောင်ပါဝင်ခွင့်ပေးတာက လူငယ်တွေကို မျှော်လင့်ချက်အင်အားတွေ ဖြစ်စေပါတယ်။ လူငယ်တွေရဲ့ စုစည်းအားနဲ့ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ပေးချင်တဲ့ စိတ်ဆန္ဒတွေ ခံစားဖြစ်ပေါ်စေပါတယ်။ အခုလို လူငယ်တိုင်းရင်းသားအားလုံး တပေါင်းတစည်းတည်း အတူပါဝင်ခွင့်ရတဲ့ ဖိုရမ်ဖြစ်တဲ့အတွက် လူငယ်တွေက နိုင်ငံအတွက် အရေးကြီးတယ်၊ လူငယ်တွေရဲ့အား လိုအပ်တယ်ဆိုတာကို ပိုပြီးပေါ်လွင်စေပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ လူငယ်တွေအတွက် ဒီလိုအခမ်းအနားတွေ မကြာခဏပြုလုပ်ပေးပါလို့ တိုက်တွန်းပါတယ်။

**မောင်ရှိုင်းမင်းထက်**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နေပြည်တော်**

**လူငယ်ကိုယ်စားလှယ်**

ကျွန်တော်တို့နိုင်ငံမှာ မငြိမ်းချမ်းတဲ့နေရာဒေသတွေ ရှိနေပါတယ်။ ကျွန်တော့် သူငယ်ချင်းတွေထဲမှာ မငြိမ်းချမ်းတဲ့ဒေသက လာတဲ့သူတွေရှိပါတယ်။ အခု ဒီလူငယ်နဲ့ ငြိမ်းချမ်းရေးဖိုရမ်က ငြိမ်းချမ်းဖို့အတွက် အထောက်အကူပြုစေမယ့်နည်းလမ်းတွေ၊ အသိပညာတွေ ရရှိစေမယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကျွန်တော်ကစိုက်ပျိုးရေး ကျောင်းသားတစ်ယောက် ဖြစ်တဲ့အတွက် တောင်သူတွေခံစားနေရတဲ့ အိုးအိမ်ဆုံးရှုံးမှုနဲ့ မြေယာဆုံးရှုံးမှုတွေကို သူတို့နဲ့ထပ်တူခံစားပြီး သူတို့အတွက် ပိုကောင်းတာတွေ လုပ်ပေးနိုင်ဖို့အတွက် လူငယ်တစ်ဦးရဲ့ စကားသံအဖြစ် ဒီဖိုရမ်မှာ ပါဝင်ဆွေးနွေးသွားဖို့ရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ လူငယ်တွေ ဒီလို နိုင်ငံတော်အဆင့် စုစုစည်းစည်းဆုံတွေ့ကြပြီး လူငယ်တွေရဲ့ အသိအမြင်တွေကို ဖလှယ်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ တိုင်းရင်းသားအစုံ၊ ဒေသအစုံက လူငယ်တွေနဲ့ တွေ့ဆုံခွင့်ရတာ ဖြစ်လို့ ယဉ်ကျေးမှုတွေ၊ မတူညီတဲ့ အတွေးအခေါ်တွေကို ဖလှယ်ခွင့်ရတယ်။ အသိပညာဗဟုသုတတွေ တိုးပွားစေပါတယ်။ အကြောင်းကိစ္စတစ်ခုကို မတူညီတဲ့အမြင်တွေနဲ့ ဦးတည်ဖြေရှင်းနေမယ့်အစား စုစုစည်းစည်းနဲ့ ဆွေးနွေးအဖြေရှာတဲ့အခါ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ထွက်ပေါ်လာမယ်လို့ ထင်ပါတယ်။ ဒီလိုဖြေရှင်းတဲ့အခါမှာလည်း အနာဂတ်မှာ တာဝန်ယူရမယ့် လူငယ်တွေရဲ့အားနဲ့ အတွေးသစ်၊ အမြင်သစ်တွေနဲ့ အဖြေရှာကြည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဖိုရမ်တွေ များများကျင်းပပေးဖို့ နိုင်ငံတော်အကြီးအကဲတွေကို တောင်းဆိုချင်ပါတယ်။

**မနွေနွေဇော်**

**စစ်ကိုင်းတိုင်းဒေသကြီး**

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

**လူငယ်ကိုယ်စားလှယ်**

အခုကျင်းပတဲ့ ငြိမ်းချမ်းရေးဖိုရမ်ဟာ လူငယ်တွေမှာရှိတဲ့ ကိုယ်ပိုင်အရည်အချင်းတွေကို ဖော်ထုတ်ခွင့်ရရုံသာမက လူမှုဆက်ဆံရေးကိုပါ ပိုမိုအားကောင်းလာစေနိုင်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် သူတို့မှာရှိတဲ့ အတွေးအမြင်အယူအဆတွေ၊ စိတ်ကူးတွေကိုပါ သိရှိဖလှယ်ခွင့်ရပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးဖလှယ်မှုတွေကနေ နားလည်မှု၊ ရင်းနှီးမှု ပိုမိုရရှိစေပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့လည်း ခံစားမိပါတယ်။ ဒါကြောင့် လူငယ်တွေကို ဒီလိုတက်ရောက်ခွင့်၊ တွေ့ဆုံဆွေးနွေးခွင့် ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ လူငယ်တစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံအတွက် ကောင်းတာတွေကို ဖန်တီးပေးချင်ပါတယ်။ ဒါဟာ လူငယ်တိုင်းရဲ့ ဆန္ဒလည်းဖြစ်ပါတယ်။ ဒီဆန္ဒတွေအားလုံးစုစည်းပြီး နိုင်ငံအတွက် ကောင်းတဲ့ရလဒ်တွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။



J Fire



ဗိုလ်မှူးကြီး ဝဏ္ဏအောင်

**မဖြိုးသီရိကျော်**

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်(နေပြည်တော်)**

**လူငယ်ကိုယ်စားလှယ်**

ဒီနေ့ကျင်းပတဲ့ လူငယ်နဲ့ ငြိမ်းချမ်းရေးဖိုရမ်ကနေ လူငယ်တစ်ယောက်အနေနဲ့ အနာဂတ်မှာ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ခွင့်ရမလဲ၊ လူငယ်အခန်းကဏ္ဍတစ်ခုကနေ ပါဝင်ကူညီ ပေးချင်တဲ့အတွက် တက်ရောက်တာ ဖြစ်ပါတယ်။ လူငယ်နဲ့ ငြိမ်းချမ်းရေးဖိုရမ်ပွဲ ဖြစ်တဲ့အတွက် တက္ကသိုလ်ပေါင်းစုံ၊ နယ်မြေပေါင်းစုံ လူငယ်ပေါင်းစုံနဲ့ စုစုစည်းစည်းတွေ့ဆုံရတဲ့ပွဲဖြစ်တဲ့အတွက် အတွေ့အကြုံတွေ အများကြီးရရှိမယ်လို့ ထင်မြင်မိပါတယ်။ လူငယ်တွေအခန်းကဏ္ဍက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိနေပါတယ်။ ဒီနေ့ တာဝန်ထမ်းဆောင်နေတဲ့ လူကြီးတွေနေရာမှာ လူငယ်တွေက နောင်တစ်ချိန်မှာ ပြောင်းလဲတာဝန်ယူရမှာ ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ အနာဂတ်မှာ ဆက်လက် ဦးဆောင်သွားရမှာ ဖြစ်တဲ့အတွက် အခုလို လူငယ်တွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ပေးတာဟာ နိုင်ငံအတွက် တစ်ဆင့်ရှေ့တိုးတာနဲ့ အတူတူပဲဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဖိုရမ်မှာ ဆွေးနွေးကြမယ့် ခေါင်းစဉ်တွေ အပေါ်မူတည်ပြီး ပါဝင်ဆွေးနွေးသွားဖို့ရှိပါတယ်။ ဖိုရမ်ကနေ တစ်ဆင့် လူငယ်တစ်ဦးအနေနဲ့ ဆန္ဒပြုချင်တာက ဒီနေ့ကျင်းပတဲ့ ဖိုရမ်လိုမျိုးအပြင် လူငယ်တွေ ခေါင်းစဉ်အမျိုးမျိုး၊ ကဏ္ဍအမျိုးမျိုးကနေပါဝင်ပြီး နိုင်ငံ့အကျိုးဆောင်ရွက်နိုင်အောင် စီမံပေးစေလိုပါတယ်။

**J Fire**

**နိုင်ငံကျော်တေးသံရှင်**

လူငယ်နဲ့ ငြိမ်းချမ်းရေးဖိုရမ်ကို ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်။ လူငယ်ဆိုတာက နိုင်ငံ့အနာဂတ်အတွက် အရေးကြီးတဲ့ကဏ္ဍတစ်ခုက ပါဝင်နေတဲ့အတွက် အားတက်သရော ပါဝင်တက်ရောက်တာ ဖြစ်ပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့အတိုင်း လူငယ်တွေက နောင်တစ်ချိန်မှာ နိုင်ငံ့ခေါင်းဆောင်တွေအဖြစ် နိုင်ငံရဲ့အရေးကြီးတဲ့ အခန်းကဏ္ဍတွေမှာ တာဝန်ယူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိလူငယ်တွေရဲ့ ဆောင်ရွက်ချက်တွေ၊ တီထွင်ဖန်တီးမှုတွေ၊ လှေ့လာမှုတွေက အရေးကြီးပါတယ်။

အခုလို နိုင်ငံတော်က လူငယ်တွေအများကြီး ပါဝင်နိုင်တဲ့ ငြိမ်းချမ်းရေးဖိုရမ်တွေ ဆောင်ရွက်ပေးတာက လူငယ်တွေအတွက် အများကြီး အထောက်အကူပြုပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကတက်ရောက်လာတဲ့လူငယ်တွေကလည်း အသိပညာ၊ ဗဟုသုတတွေ အချင်းချင်းဖလှယ်ဆွေးနွေးခွင့်ရတယ်။ နိုင်ငံ့အနာဂတ်အတွက် မှန်ကန်တဲ့လမ်းကြောင်းတွေချမှတ်ပြီး ပိုကောင်းအောင် ဆောင်ရွက်ကြဖို့ တာဝန်ရှိပါတယ်။ ဒီလို ဖိုရမ်တွေကတစ်ဆင့် လူငယ်တွေဟာ အချင်းချင်း နားလည်မှုတွေ တည်ဆောက်ကြရမှာပါဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေဖြစ်တဲ့ ညီလေး၊ ညီမလေးတို့ကို ဆန္ဒပြုချင်တာရှိပါတယ်။ အရာအားလုံးမှာ အရေးကြီးဆုံးက စိတ်ဖြစ်ပါတယ်။ ကိုယ့်ရဲ့စိတ်ကို ထိန်းသိမ်းနိုင်ဖို့ အရေးကြီးပါတယ်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများတဲ့ခေတ်မှာ စိတ်ပိုင်းဆိုင်ရာ တိုးတက်နေဖို့ လိုအပ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ဖို့၊ သတိနဲ့ထိန်းသိမ်းနိုင်ဖို့အတွက် အားကစားလုပ်တာ၊ တရားထိုင်တာ စတာတွေကိုလည်း ပြုလုပ်သင့်ပါတယ်။ ဒီလိုကောင်းမွန်တဲ့ အရာတွေကို နေ့စဉ်ဘဝမှာ ပြုလုပ်ရင်း ကိုယ့်အတွက်၊ နိုင်ငံအတွက် ပိုမိုကောင်းမွန်တဲ့ဘဝကို တည်ဆောက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်(အဖွဲ့ဝင်)**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ**

လူငယ် ငြိမ်းချမ်းရေးဖိုရမ် ဆွေးနွေးပွဲမှာ သီးခြားရွေးချယ်ထားတဲ့ ဝန်ကြီးဌာနတွေက ကိုယ်စားလှယ်တွေနဲ့ နယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အလွှာအသီးသီးက လူငယ်ကိုယ်စားလှယ်တွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေက စေတနာ့ဝန်ထမ်းလူငယ်တွေ၊ ပရဟိတအသင်းအဖွဲ့တွေနဲ့ NGO လူငယ်ကွန်ရက်အဖွဲ့တွေက လူငယ်တွေ၊ တိုင်းရင်းသား ယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးက လူငယ်ကိုယ်စားလှယ်တွေ၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက လူငယ်ကိုယ်စားလှယ်တွေ၊ JMC က လူငယ်ကိုယ်စားလှယ်တွေ၊ နယ်စပ်ဒေသတွေက တိုင်းရင်းသားလူငယ်တွေနဲ့ စာပေနှင့် ဂီတအနုပညာရှင်လူငယ်ကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။

ဖိုရမ်မှာ လူငယ်တွေက "ငြိမ်းချမ်းရေး အသိပညာများ၊ အတွေ့အကြုံများ လက်ဆင့်ကမ်းခြင်း"၊ "လက်နက်ကိုင်ပဋိပက္ခရပ်တန့်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေး"၊ "လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ မြှင့်တင်ခြင်းနဲ့ အားကစားအစီအစဉ်များ"၊ "စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနဲ့ နည်းပညာအခြေပြု စီးပွားရေးဆိုင်ရာများ"၊ "မူးယစ်ဆေးဝါး တိုက်ဖျက်ရေး"၊ "လူငယ်နဲ့ နည်းပညာ သက်ရောက်မှုများ" စတာတွေကို ဆွေးနွေးကြမယ်။ ဆွေးနွေးပွဲမှုတွေအပြင် လျှပ်တစ်ပြက် ပြိုင်ပွဲတွေနဲ့ ဆုချီးမြှင့်ခြင်းတွေ၊ လူငယ်ထုအတွက် လျှပ်တစ်ပြက်စစ်တမ်း၊ ဆန္ဒကောက်ယူခြင်းတွေ ဒါတွေကိုလည်း ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

ဖိုရမ်ကနေ လူငယ်တွေရဲ့ အမြင်သဘောထား၊ အကြံပြုချက်တွေ၊ ဘက်ပေါင်းစုံမှ ချဉ်းကပ်နိုင်မယ့်အခြေအနေတွေကို သိရှိပြီး လူငယ်တွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းအားတွေကို အကောင်းဆုံးသောပုံစံတွေနဲ့ နိုင်ငံရဲ့ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်တွေမှာ ပေါင်းစပ်ထည့်သွင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း – မျိုးဆက်သစ်**

**ဓာတ်ပုံ – အောင်ပြည့်စုံ**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတကာ အားကစား သတင်းများ

## အိုလီဆေး ဘိုင်ယန်မြူးနစ်အသင်းကစားသမားဘဝ ဘွန်ဒက်လီဂါပွဲပေါင်း ၅၀ ပြည့်မြောက်



**မြူးနစ် ဇန်နဝါရီ ၁၃**

ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား အိုလီဆေးသည် အသင်းကစားသမားဘဝ ဘွန်ဒက်လီဂါပွဲပေါင်း ၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းက ဝုဖ်ဘတ်အသင်းကို ရှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အိုလီဆေးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ဘွန်ဒက်လီဂါပွဲ ၅၀ကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (ဝဲပုံ)

အသက်(၂၄)နှစ်အရွယ်ရှိ အိုလီဆေးက "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(NGB)

## အဲရစ်ရမ်ဆေးကို နည်းပြသစ်အဖြစ် ဝက်စ်ဘရွန်းအသင်း ခန့်အပ်

**လန်ဒန် ဇန်နဝါရီ ၁၃**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြအဲရစ်ရမ်ဆေးကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ယာပုံ)

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် မေဂျာလိဂ်ကလပ် မင်နီဆိုတာယူနိုက်တက်အသင်း၊ ဝေးလ်လက်ရွေးစင်အသင်းလက်ထောက်နည်းပြ၊ မန်ယူအသင်း ကစားသမားဖွံ့ဖြိုးတိုးတက်ရေးနည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ခြင်းကြောင့် ဝက်စ်ဘရွန်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ အဲရစ်ရမ်ဆေးက "ကျွန်တော်အခုလို ဝက်စ်ဘရွန်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)



## ဘန်ဝှိုက်ကို ခေါ်ယူရန် အဲဗာတန်အသင်း စိတ်ဝင်စား

**လန်ဒန် ဇန်နဝါရီ ၁၃**

အဲဗာတန်အသင်းသည် အာဆင်နယ်အသင်းနောက်ခံကစားသမား ဘန်ဝှိုက်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၃ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘန်ဝှိုက်ကလည်း လက်ရှိအချိန်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အာဆင်နယ်အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် အာဆင်နယ်အသင်းထံမှ ဘန်ဝှိုက်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ကေဖူရီ ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ် (၄၇)ဂျာစီအား ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဇန်နဝါရီ ၁၃**

တိုက်စစ်မှူးသစ် ကေဖူရီသည် ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ် (၄၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ကလပ်ဘရုဂျ်အသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ စတာလင်ပေါင် ရှစ်သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တိုက်စစ်မှူး ကေဖူရီသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကေဖူရီက "ကျွန်တော် ဘရန့်ဖို့ဒ်အသင်းမှာ ကျောနံပါတ် (၄၇)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားခွင့်ရဖို့လည်း မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။ (အပေါ်ဝဲပုံ)

(NGB)

## ရော်နီအက်ဒ်ဝပ်စ်ကို ကျူပီအာအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၃**

ကျူပီအာအသင်းသည် ဆောက်သမ်တန်အသင်း နောက်ခံကစားသမား ရော်နီအက်ဒ်ဝပ်စ်ကို စတာလင်ပေါင် ၄ ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဆောက်သမ်တန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကျူပီအာ အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ကျူပီအာအသင်းထုတ်ပြန်ချက်တွင် "ရော်နီအက်ဒ်ဝပ်စ်ကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းအပေါ်များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)



## 2026 Hobart International တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Ann Li တက်ရောက်



**ဟိုဘတ် ဇန်နဝါရီ ၁၃**

သြစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Hobart International တင်းနစ် ပြိုင်ပွဲ ဒုတိယအဆင့်သို့ အမေရိကန်တင်းနစ်မယ် Ann Li တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Ann Li သည် 2026 Hobart International တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Katie Volynets ကို ၄-၅၊ ၇-၅၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

2026 Hobart International တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် Ann Li နှင့် အီတလီတင်းနစ်မယ် Elisabetta Cocciaretto တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၁-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၃) နာပိုလီ - ပါးမား(၁၄)<br>(W,W,W,D,D) (L,W,D,L,W) | နာပိုလီ ၂-၁ ပါးမား<br>ပါးမား ၀-၀ နာပိုလီ |
| ၁၅-၁-၂၀၂၆<br>နံနက် ၀၂:၁၅နာရီ | (၁)အင်တာမီလန် - လက်ချီ(၁၇)<br>(L,W,W,W,D) (W,L,D,L,L) | အင်တာမီလန် ၂-၀ လက်ချီ<br>လက်ချီ ၀-၄ အင်တာမီလန် |

### စပိန်ကိုပါဒယ်ရေးဖလားဘောလုံးပြိုင်ပွဲ(၁၆သင်း)ရှုံးထွက်အဆင့်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၅-၁-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | အယ်လ်ဘာစီတီ - ရီးရဲလ်မက်ဒရစ်<br>(လာလီဂါII-၁၇) (လာလီဂါ-၂) | အယ်လ်ဘာစီတီ ၁-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၃-၀ အယ်လ်ဘာစီတီ |
| ။ | အလာဗက်စ် - ဗယ်လက်ကာနို<br>(လာလီဂါ-၁၆) (လာလီဂါ-၁၀) | အလာဗက်စ် ၀-၂ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၁-၀ အလာဗက်စ် |
| ။ | ဘက်တစ် - အယ်လ်ချီ<br>(လာလီဂါ-၆) (လာလီဂါ-၉) | ဘက်တစ် ၃-၀ အယ်လ်ချီ<br>အယ်လ်ချီ ၁-၁ ဘက်တစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၁-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၄)ဝုဖ်ဘတ် - စိန့်ပေါလီ(၁၆)<br>(W,W,L,D,L) (W,D,W,D,D) | ဝုဖ်ဘတ် ၁-၁ စိန့်ပေါလီ<br>စိန့်ပေါလီ ၀-၀ ဝုဖ်ဘတ် |
| ၁၅-၁-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၁၁)ကိုလုံး - ဘိုင်ယန်မြူးနစ်(၁)<br>(D,L,L,W,D) (W,D,W,W,W) | ကိုလုံး ၀-၁ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၂-၀ ကိုလုံး |
| ။ | (၆)ဟော်ဖန်ဟိမ်း - မိုချန်ဂလာဘတ်(၁၀)<br>(D,W,L,W,D) (W,L,L,L,W) | ဟော်ဖန်ဟိမ်း ၁-၂ မိုချန်ဂလာဘတ်<br>မိုချန်ဂလာဘတ် ၄-၄ ဟော်ဖန်ဟိမ်း |
| ။ | (၃)လိုက်ပဇစ် - ဖရိုင်းဘတ်(၈)<br>(D,W,W,L,L) (L,W,D,W,W) | လိုက်ပဇစ် ၃-၁ ဖလိုင်းဘတ်<br>ဖရိုင်းဘတ် ၀-၀ လိုက်ပဇစ် |

### ကာရာဘောင်း လိဂ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၅-၁-၂၀၂၆<br>နံနက်၀၂:၃၀နာရီ | ချဲလ်ဆီး - အာဆင်နယ်<br>(ပရီးမီးယားလိဂ်-၈) (ပရီးမီးယားလိဂ်-၁) | ချဲလ်ဆီး ၁-၁ အာဆင်နယ်<br>အာဆင်နယ် ၁-၀ ချဲလ်ဆီး |

### အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၄-၁-၂၀၂၆<br>ဗုဒ္ဓဟူးနေ့ | ည၁၁း၃၀နာရီ | ဆီနီဂေါ - အီဂျစ် | ဆီနီဂေါ ၁-၀ အီဂျစ် |
| ၁၅-၁-၂၀၂၆<br>ကြာသပတေးနေ့ | နံနက်၀၂:၃၀နာရီ | နိုင်ဂျီးရီးယား - မော်ရိုကို | နိုင်ဂျီးရီးယား ၀-၁ မော်ရိုကို |

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားငါးဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့မှ အမျိုးသားတစ်ဦး၊ ကော့ကရိတ်မြို့နယ် ကျွန်းကလေးကျေးရွာမှ အမျိုးသားနှစ်ဦး၊ ကော့ကရိတ်မြို့နယ် နို့ပေါ်ဟဲကျေးရွာမှ အမျိုးသားနှစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေမျိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ၉ မမ ပစ္စတိုတစ်လက်၊ M-16 သေနတ်တစ်လက်၊ ပို့င့် ၃၀ ကာဘိုင်တစ်လက်၊ ၄၀ မမ ဖုံးပစ်လောင်ချာ(လက်လုပ်) တစ်လက်၊ လက်လုပ်စနိုက်ပါတစ်လက်၊ လက်ပစ်ဗုံး ရှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် တစ်လက်ကို ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ် သိန်း ၁၀၀၊ ပစ္စတိုသေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်လုပ်သေနတ် တစ်လက်ကို ဆုကြေးငွေ ငါးသိန်းနှုန်းဖြင့် သေနတ် နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း တစ်လုံးစီကို ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း ရှစ်လုံးအတွက် ငွေကျပ် ၂၄ သိန်း စုစုပေါင်းငွေကျပ် ၁၅၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြဝတီရပ်ကွက်နေ ဦးခင်မောင်မောင်သွင် (၄၂)နှစ်သည် ၎င်းအသုံးပြုသည့် "Khin Mg Mg Thwin" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေသည့်စာသားများ ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ခင်မောင်မောင်သွင်အား ဇန်နဝါရီ ၉ ရက်တွင် ကန်ကြီးထောင့်မြို့မရဲစခန်း(ပ)၇/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၄ ရက်တွင် ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်နေ ဒေါ်မြသီတာ (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် "Mya Thida" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေသည့်စာသားများ ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြသီတာအား ဇန်နဝါရီ ၉ ရက်တွင် ဟင်္သာတမြို့မရဲစခန်း (ပ)၁၀/ ၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြို့တော်ခန်းမရှေ့၌ အမျိုးသားတစ်ဦး ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာမွေမြို့နယ် နတ်မောက်ရပ်ကွက်နေ မင်းထက်(ခ)ကိုမင်း (၂၂)နှစ်သည် မြို့တော်ခန်းမရှေ့ဝင်ပေါက်အနီး၌ "Reject the illegal election" ဟု ရေးသားထားသည့် အဖြူရောင်ကတ္တူစက္ကူအား ကိုင်ဆောင်ကာ ဆန္ဒပြနေသည်ကို တွေ့ရှိရသဖြင့် ၎င်းအား ကျောက်တံတားမြို့မရဲစခန်း (ပ)၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာနေ ကိုမျိုး (၄၇)နှစ်သည် အရက်သေစာသောက်စားမူးယစ်၍ ရွေးကောက်ပွဲမဲရုံအဖြစ်ဖွင့်လှစ်ထားရှိသည့် အခြေခံပညာမူလတန်းကျောင်းရှေ့သို့ ရောက်ရှိလာပြီး မဲပေးရန်လာရောက်ကြသူများအား ဆန္ဒမဲမပေးနိုင်စေရန် ပြောဆိုဟန့်တားနှောင့်ယှက်ခြင်းများပြုလုပ်ခဲ့သဖြင့် ၎င်းအား ဇန်နဝါရီ ၁၁ ရက်တွင် မုတ္တမနယ်မြေရဲစခန်း (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်ဖမ်းဆီးပြီး တရားခံများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

ဘူရွန်ဒီနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်

ထို့နောက်ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ ယူဂန်ဒါနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ကင်မရွန်းနိုင်ငံ၊ ဂါနာနိုင်ငံ၊ ဆီရီရာလီယွန်နိုင်ငံ၊ လိုင်ဘေးရီးယားနိုင်ငံ၊ မာလာဝီနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၃၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၁၀၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

# (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၃**

၂၀၂၆ ခုနှစ် (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၂၆ ခုနှစ် (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ရက်နေ့မှ ၁၄ ရက်နေ့အထိ ချမ်းမြသာစည်မြို့နယ်၊ ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့် ဆင်ဖြူကန်ကွင်း အရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်နေရာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအသီးသီးမှ မိမိတို့၏ လုပ်ငန်းတာဝန်အလိုက် ယခင်နှစ်အတွေ့အကြုံများအပေါ် အခြေခံ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြပွဲပြိုင်ပွဲအား စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စီမံချက် ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပေးလိုက်သည့် ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် စနစ်တကျဖြစ်စေရေးအတွက် အခြားဌာနဆိုင်ရာအသီးသီးတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့တော်စည်ပင်ဌာနအသီးသီးမှ ဆင်ဖြူကန်ကွင်းအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနက ရောင်စုံပန်းအလှစိုက်ခင်းများ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ ကျန်ဌာနအသီးသီးအနေဖြင့်လည်း လုပ်ငန်းများအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူးက ပြပွဲပြိုင်ပွဲတွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ နှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဌာနမှူးများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်က ယခုနှစ်တွင် စိုက်ပျိုးပညာပေးပြခန်းများ၊ ဌာနဆိုင်ရာများ၏ ပြခန်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပြခန်းများအပါအဝင် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများ၊ ပျိုးပင်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်း၍ အထူးစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲလာပြည်သူများ အပန်းဖြေနိုင်ရန်နှင့် ကြည်နူးပျော်ရွှင်စေရေးအတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျစီစဉ်ဆောင်ရွက်ကြရန်၊ အထူးသဖြင့် ပန်းအလှစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်သီးနှံစိုက်ခင်းများကို ယခင်နှစ်ကထက် ပိုမိုကောင်းသထက်ကောင်းအောင်၊ ဝေဆာလှပနေအောင် သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးကြရန်၊ လမ်းမီးတိုင်များ ကောင်းမွန်ရေး၊ မဏ္ဍပ်၊ စတိတ်စင်များ၊ ပြခန်းများတည်ဆောက်ရေးလုပ်ငန်းများကို အဆောက်အအုံနှင့်ကုန်ရုံဌာနမှ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ယခင်နှစ်အတိုင်း ပြိုင်ပွဲအမျိုးအစား(၂၃)မျိုး သတ်မှတ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများအချိန်မီသိရှိနိုင်ရေးအတွက် အသိပေးအကြောင်းကြားခြင်းများဆောင်ရွက်ကြရန်နှင့် အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

**မန္တလေး ဇန်နဝါရီ ၁၃**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အမျိုးသားပြိုင်ပွဲတွင် အုပ်စုပထမပွဲစဉ်အဖြစ် အားကစားပညာအသင်းနှင့် သင်္ချာအသင်းတို့ယှဉ်ပြိုင်ကစားရာ အားကစားပညာအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊သတ္တဗေဒအသင်းက မြန်မာစာအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ဓာတုဗေဒအသင်းက ရှေးဟောင်းသုတေသနပညာအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘူမိဗေဒအသင်းက ဥပဒေပညာအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် အုပ်စုပထမပွဲစဉ်အဖြစ် သင်္ချာအသင်းနှင့် ရုက္ခဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားရာ သင်္ချာအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ဓာတုဗေဒအသင်းက ညွှန့်ပေါင်းအသင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း၊ ဥပဒေပညာအသင်းက သမိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊အားကစားပညာအသင်းက သတ္တဗေဒအသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီး အနိုင်ရရှိကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ အမျိုးသားပြိုင်ပွဲဝင်အသင်းပေါင်း ၁၅သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်းပေါင်း ၁၅ သင်းဖြင့် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**(ဝ၈၂)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇော်ထက်(သရက်)**

ဝ-ဝ-ဝ-ဝ-ဝ



## ကျောင်းပေါင်းစုံ အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**နမ့်စန် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီကစတင်၍ အမှတ်(၅)ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းနှင့် အမှတ်(၂)ရပ်ကွက်ရှိ အ·ထ·က(နမ့်စန်)အားကစားကွင်းတို့တွင် စတင်ကျင်းပလျက်ရှိသည်။

အားကစားကွင်းအလိုက် အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပနေမှုကို မြို့နယ်ပညာရေးမှူး ဦးဇင်မင်းထွန်းနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်းစုစုပေါင်း အသင်း(၂၀) ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေးဟောပြောပွဲနှင့် နယ်လှည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်



**ကျောက်တလုံးကြီး ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကလေးအလုပ်သမား ပပျောက်ရေးဟောပြောပွဲနှင့် နယ်လှည့်အသိပညာပေးလုပ်ငန်းများကို အခြေခံပညာမူလတန်းကျောင်း ထီပုန်းတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျောက်တလုံးကြီး မြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ် ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားဆိုင်ရာတားမြစ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ စသည်တို့ကို ဟောပြောပြီး ဝန်ထမ်းများက ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာအုပ်ပြပွဲနှင့် ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ကို ပြသဆောင်ရွက်သည်။

အဆိုပါ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲသို့ အ.မ.က ထီပုန်းမှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်လှည့်လုပ်ငန်းများအပြင် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့်အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးနှင့် အရေးပါပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများ၊ ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲကို ကျင်းပရာ တောင်တွင်းကြီးမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**



## လူထုအခြေပြုဗဟိုဌာန၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယနေ့နံနက် ၉ နာရီက ခရိုင် လူထုအခြေပြုဗဟိုဌာန၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လေပြင်းဘေးသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်နေစဉ်အတွင်း လိုက်နာရန် အချက်များ၊ ရှောင်ရှားရမည့်အချက်များနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လေပြင်းတိုက်ခိုက်ပြီးနောက် ဆောင်ရွက်ရန်အချက်များအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**စုစုအေး(ကျောက်ဆည်)**




ပတ်စရာ၊ မှတ်စရာ
စုံလင်

## ရာသီနန်းနှင့် မြတ်ပဌာန်း

* တသိမ့်သိမ့်နှင့် ---
စိမ့်စိမ့်အေးမြ ၊ မြူနှင်းကျသည့်
လတပို့တွဲ ၊ အေးပိုကဲလည်း
ဆင်နွှဲစဉ်လာ ၊ မပျက်ပါသည်
မဟာမုနိ ပွဲသဘင်
ကမ္ဘာကသိ မှတ်တမ်းဝင်
ဗုဒ္ဓပူဇနိ ဓမ္မနှင့်ယှဉ် ။

* လက်ပံပွင့်နီ
ရာသီစံပန်း ၊ တောလုံးလွှမ်းလို့
ထက်နန်းအာကာ ၊ တိမ်နီလာနှင့်
ယှက်ဖြာမာယ ၊ နက္ခတ်ပြ၍
အလှပန်းချီ ၊ စိန်နှယ်စီကာ
ဖြစ်တည်သဘာဝ ၊ လှကြီးလှသည်
ဓမ္မနှင့်ယှဉ် ရှုကြည့်မြင်
မင်္ဂလာရှိသည့် ညသဘင် ။

* ခြောက်သွယ်ရောင်ဝါ
လင်းဖြာထွန်းပ ၊ ခါသမယတွင်
လောကသုံးပါး ၊ မြတ်ဘုရား၏
ကိုယ်ပွားသန့်စင် ၊ မုနိရှင်ကို
ဦးတင်ပါကြ ၊ ဖူးမဝသည်
လောကတစ်ခွင် နှိုင်းမမြင်
မဟာ့မဟာ မုနိရှင်
လူနတ်ဗြဟ္မာ ထွဋ်မြတ်တင် ။

* သြော် ---
သည်လသည်ပန်း ၊ ရာသီနန်းတွင်
ပဌာန်းဒေသနာ ၊ ကျမ်းမြတ်လွှာကို
သံဃာအများ ၊ ရွတ်ဖတ်ပွား၍
နာကြားနေ့ည ၊ ပူဇော်ကြသည်
ဝေမျှကုသိုလ် ရစေသော်ဝ်
ဓမ္မသဘင် ဖိတ်လို့ခေါ်
လေးဆယ့်ရှစ်ကြိမ်မြောက် ပဌာန်းပွဲတော် ။ ။

(၄၈)ကြိမ်မြောက် မဟာမုနိဘုရားကြီး ပဋ္ဌာန်းပွဲအား ပူဇော်ရေးဖွဲ့ပါသည်။

**ထိန်ထိန်လင်း**



❖ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံး နှစ်ကောခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဘေးသင့်ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဘေးသင့်ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ် ရန်ကုန်ဆိပ်ကမ်း Asia World Port Terminal ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E.Mrs.Prabashini Ponnamperuma၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက သဘော်တင်ပို့မည့်အစီအစဉ်နှင့် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၂ သို့ ✻





အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀၃ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀၃ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား ၅၉ ဦး၊ ယူဂန်ဒါနိုင်ငံသား ၂၀၊ နိုင်ဂျီးရီးယားနိုင်ငံသား ၁၃ ဦး၊ ကင်မရွန်းနိုင်ငံသား သုံးဦး၊ ဂါနာနိုင်ငံသားသုံးဦး၊ ဆီရီရာလီယွန်နိုင်ငံသား နှစ်ဦး၊ လိုင်ဘေးရီးယားနိုင်ငံသားတစ်ဦး၊ မာလာဝီနိုင်ငံသားတစ်ဦးနှင့်

စာမျက်နှာ ၁၃ သို့ ☆

# မိုက်ကယ်ကာရစ်အား ယာယီနည်းပြအဖြစ် မန်ယူအသင်း ခန့်အပ်

**မန်ချက်စတာ ဇန်နဝါရီ ၁၃**

မန်ယူအသင်းသည် အသင်းယာယီနည်းပြအဖြစ် အသင်းကစားသမားဟောင်းဖြစ်သူ နည်းပြ မိုက်ကယ်ကာရစ်အား ခန့်အပ်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် အသင်းနည်းပြ အာမိုရင်မ်အား ရာထူးမှ ထုတ်ပယ်ပြီးနောက် မိုက်ကယ်ကာရစ်အား ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နည်းပြသည် မန်ယူအသင်းအား ယခုနှစ်ရာသီကုန်အထိ တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။

နည်းပြ မိုက်ကယ်ကာရစ်သည် အသင်းအား ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့်လည်း မန်ယူအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်(၂၁)ပွဲကစားအပြီးတွင် ရမှတ် ၃၂မှတ်ဖြင့် အဆင့် ၇ နေရာတွင် ရပ်တည်လျက်ရှိသည်။

မန်ယူနည်းပြသစ် မိုက်ကယ်ကာရစ်သည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် ဇန်နဝါရီ ၁၇ ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည့်ပွဲစဉ်အား စတင် ကြီးကြပ်သွားမည်ဖြစ်သည်။

ထို့ကြောင့် နည်းပြသစ် မိုက်ကယ်ကာရစ်အနေဖြင့် မန်ယူအသင်းအား အောင်မြင်မှုများရရှိအောင် စွမ်းဆောင်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

